[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com


ဇွန်လ ၁၆၊ ၂၀၂၅ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊
## မေလ ၁-၃၁ ရက်နေ့ထိ၊၂၀၂၅ ခုနှစ်
## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – ဧပြီလ ၃၀ရက်၊ ၂၀၂၅ | မေလ ၁ – ၃၁ရက်၊ ၂၀၂၅ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၆၂၂ | ၅ | ၆၂၇ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၇၄ | | ၅၇၄ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၇၈၄ | ၁၃ | ၇၉၇ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၇၂ | ၂ | ၁၅၇၄ |
| | ဒီးမော့ဆိုမြို့နယ် | ၆၆၂ | ၁ | ၆၆၃ |
| | မယ်စဲ့မြို့နယ် | ၃၄ | | ၃၄ |
| | ဖယ်ခုံမြို့နယ် | ၆၇၁ | ၁၉ | ၆၉၀ |
| | ဖရူဆိုမြို့နယ် | ၁၅၇ | | ၁၅၇ |
| | ဘောလခဲမြို့နယ် | ၃၄ | | ၃၄ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၄၂ | | ၁၄၂ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ ဧပြီ ၃၀ ရက်နေ့ အထိ ၂၀၂၅ | IDPs အသစ် မေလ ၁-၃၁ ရက်၊ ၂၀၂၅ ခုနှစ် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | စုစုပေါင်း | ၂၈၂၆၁၅ | | ၂၈၂၆၁၅ |

စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ မေလ ၁-၃၁ ရက်နေ့ထိ၂၀၂၅ ခုနှစ်



စစ်ကောင်စီ လေကြောင်းနှင့် လက်နက်ကြီးကြောင့် ဖယ်ခုံ၊ လွိုင်ကော်နှင့် ဖားဆောင်းမြို့နယ်တို့တွင် အရပ်သား ၅ ဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိ

မေလအတွင်း စစ်ကောင်စီတပ်များသည် ၎င်းတို့၏ အဓိကထောက်ပို့လမ်းကြောင်းများအား ထိန်းချုပ်နိုင်ရန်နှင့် တော်လှန်ရေးတပ်ဖွဲ့များအား တိုက်ထုတ်သွားရန်အတွက် ဖယ်ခုံနှင့်လွိုင်ကောင်မြို့နယ်အတွင်း အရပ်သားများရှိသည့်နေရာများသို့ လက်နက်ကြီးများ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထို့အပြင် ဖားဆောင်းမြို့နယ်အတွင်း တိုက်ပွဲများဖြစ်ပွားခြင်းမရှိတော့သည့် မော်ချီးသတ္တုဧရိယာကိုလည်း စစ်ကောင်စီတပ်မှ အရပ်သားများကို ပစ်မှတ်ထားကာ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ၎င်းတိုက်ခုက်မှုကြောင့် အရပ်သား ၅ ဦးသေဆုံးပြီး ၁၁ ဦးထိမှန်ဒဏ်ရာရရှိသွားကာ ဘာသာရေးနှင့်စာသင်ကျောင်းအပါအဝင် အဆောက်အဦ ၂၀ လုံး ထိမှန်ပျက်စီးသွားခဲ့သည်။

မေလ ၂ ရက်၊ မွန်းလွဲ ၃နာရီ၀န်းကျင်အချိန် မိုးဗြဲမြို့အခြေစိုက် ခမရ ၄၂၂ တပ်မှ ပစ်ခတ်သော လက်နက်ကြီးသည် လွိုင်ကော်မြို့နယ်၊ ဝါရီကောခူရွာအနီး လယ်ထဲကျရောက်ပေါက်ကွဲခဲ့ပြီး လယ်ထဲတွင် လယ်ထွန်နေသော အသက်၂၅နှစ်အရွယ် အမျိုးသား တစ်ဦးသေဆုံးခဲ့ကာ လယ်ထွန်စက်(ကိုင်းရှည်)တစ်စီး လည်း ပျက်စီးခဲ့သည်။

ထိုတစ်ရက်ထဲတွင်ပင် ရှမ်း-ကရင်နီပြည်နယ်စပ် ဖယ်ခုံမြို့နယ်၊ ခေါင်းအိကျေးရွာအတွင်းသို့ စစ်ကောင်စီမှ လက်နက်ကြီး ၅လုံးပစ်ခတ်ခဲ့ခြင်းကြောင့် အသက်၆၀အရွယ်အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ် (၂)လုံးပျက်စီးခဲ့သည်။

မေလ ၅ ရက်၊ မွန်းလွဲ ၁နာရီခန့်အချိန် လွိုင်ကော်မြို့၊ လောခမ္မရပ်ကွက်နေ အသက်၃၀ ဝန်းကျင်အရွယ် အမျိုးသမီး၂ဦးသည် နောင်ယား(ခ)ရပ်ကွက်ရှိ ခြံတစ်ခုတွင် အလုပ်လုပ်နေရင်း မြေမြုပ်မိုင်းနင်းမိကာ တစ်ဦးမှာ ဘယ်ခြေထောက်ဆုံးရှုံးခဲ့ပြီး ကျန်တစ်ဦးမှာ မျက်လုံးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မေလ ၅ ရက်၊ မွန်းလွဲ ၂နာရီအချိန် စစ်ကောင်စီ၏ ပစ်ခတ်သော ၁၂၀မမ လက်နက်ကြီးသည် ဖယ်ခုံမြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး အသက်၇၃နှစ်နှင့် အသက်၂၀နှစ် အရွယ် အမျိုးသားနှစ်ဦး၊ အသက်၇၀အရွယ် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိကာ ဘာသာရေးအဆောက်အဦးနှင့် လူနေအိမ် အနည်းဆုံး (၂)လုံး ပျက်စီးခဲ့သည်။

မေလ ၆ ရက်၊ ည ၁၁နာရီကျော်အချိန် ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်းတစ်နေရာကို စစ်ကောင်းစီမှ လေကြောင်းဖြင့် အဆိပ်ငွေ့ဗုံးအပါအဝင် ဗုံး၅လုံးထက်မနည်း ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် နေအိမ်(၁)လုံး ပျက်စီးကာ ပြည်သူတချို့ မူးဝေအော့အန်မှုများ ခံစားခဲ့ရသည်။

မေလ ၁၀ ရက်၊ မနက် ၁၀နာရီဝန်းကျင်အချိန် ဖရူဆိုမြို့နယ် အခြေစိုက် တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်း တကက(၁၄)မှ ဒီးမော့ဆိုမြို့ အရှေ့ဘက်ခြမ်းကို ၁၂၀မမ လက်နက်ကြီး သုံးကြိမ်ပစ်ခတ်တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

မေလ ၁၀ ရက်၊ နေ့လည် ၁၂နာရီကျော်အချိန် စစ်ကောင်စီမှ ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသရှိ နေရာသုံးနေရာကို ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ပြည်သူ၂ဦး သေဆုံးခဲ့ပြီး ၃ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မေလ ၁၂ ရက်၊ ည၄နာရီဝန်းကျင်အချိန် ဖယ်ခုံမြို့နယ်ရှိ ကျေးရွာတစ်နေရာသို စစ်ကောင်စီမှ လက်နက်ကြီး ၁၂၀ မမ ၆လုံး ပစ်ခတ်ခြင်းကြောင့် အသက်၃၅နှစ်အရွယ်အမျိုးသား တစ်ဦးထိမှန်သေဆုံးခဲ့ပြီး နေအိမ် (၃)လုံးနှင့် အဆောက်အဦး တချို့ ထိခိုက်ပျက်စီးခဲ့သည်။

မေလ ၁၃ ရက်၊ မွန်းလွဲ ၁နာရီကျော်အချိန် ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသကို စစ်ကောင်စီမှ လေကြောင်းဖြင့် ဗုံး၄လုံး ကြဲချခဲ့ခြင်းကြောင့် ပြည်သူ၂ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မေလ ၁၄ ရက်၊ ည ၈နာရီ ၄၀မိနစ်အချိန် ဖယ်ခုံမြို့နယ်၊ လအိကျေးရွာအနီး ဘန်းကောက်စစ်ရှောင်စခန်းကို စစ်ကောင်းစီမှ ဂျက်ဖိုက်တာဖြင့်ပေါင် (၅၀၀)ဗုံး ၂လုံးကြဲချခဲ့ခြင်းကြောင့် ကျောင်းဆောင် ၂ခု၊ စပါးသိုလှောင်ထားသော ဂိုဒေါင်နှင့် နေအိမ် စုစုပေါင်း (၇) လုံး ပျက်စီးခဲ့သည်။

မေလ ၁၉ ရက်၊ ည၁၁နာရီဝန်းကျင်အချိန် စစ်ကောင်စီ၏ဖယ်ခုံအခြေစိုက် ခမရ ၃၃၆ တပ်မှ လက်နက်ကြီး ၃ကြိမ် ပစ်ခတ်ခဲ့ခြင်းကြောင့် ဖယ်ခုံမြို့အရှေ့ဘက်ကမ်းရှိ လယ်ထဲသို့ကျရောက်ပေါက်ကွဲခဲ့ပြီး စပါးခင်းတချို့ ပျက်စီးခဲ့သည်။

မေလ ၁၉ ရက်၊ ညနေပိုင်း ၅နာရီအချိန် စစ်ကောင်စီ၏ မိုးဗြဲအခြေစိုက် ခမရ (၄၂၂)တပ်မှ လက်နက်ကြီး ၄လုံး ပစ်ခတ်ခဲ့ခြင်းကြောင့် မိုးဗြဲမြို့ပြင် လယ်ထဲသို့ကျရောက်ပေါက်ကွဲခဲ့သည်။ ထိုရက်ထဲတွင် စစ်ကောင်စီတပ်မှ ၎င်းတို့ကင်းနှင့်နီးသော ပြည်သူနေအိမ်များကို မီးရှို့ ဖျက်စီးခဲ့ခြင်းကြောင့် နေအိမ် (၃)လုံးထက်မနည်း ပျက်စီးခဲ့သည်။

မေလ ၂၇ ရက်၊ မွန်းလွဲ ၁နာရီဝန်းကျင်အချိန် စစ်ကောင်စီ၏ ၅၄တပ်မှ လွိုင်ကော်မြို့ ၊ ဒေါတခြား(ကယား)ရွာကို ၁၂၀မမ ၄လုံးပစ်ခတ်ခြင်းကြောင့် အသက်၃၀အရွယ် အမျိုးသားတစ်ဦးနှင့် အသက်၅၇အရွယ် အမျိုးသမီးတစ်ဦး စုစုပေါင်း (၂)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ် (၂)လုံးထိခိုက်ပျက်စီးခဲ့သည်။

မေလ ၃၀ ရက်၊ မွန်းလွဲ ၂နာရီကျော် ဝန်းကျင်အချိန် လွိုင်ကော်ဘက်မှလက်နက်ကြီး ၆လုံး ပစ်ခတ်ခဲ့ခြင်းကြောင့် မိုးဗြဲမြို့တွင်း ဘီလူးချောင်းတွင် ငါးမျှားနေသော အသက်၂၀အရွယ်အမျိုးသားတစ်ဦး ထိမှန်သေဆုံးခဲ့သည်။

မေလ ၃၁ ရက်၊ ညနေပိုင်း ၃နာရီဝန်းကျင်အချိန် မိုးဗြဲအခြေစိုက် ခမရ၄၂၂တပ်မှ မိုးဗြဲမြို့တွင်းသို့ လက်နက်ကြီးများ ပစ်ခတ်ခြင်းကြောင့် ရပ်ကွက်ရှိနေအိမ် (၂)လုံး ထိမှန်မီးလောင်ပျက်စီးခဲ့သည်။

**contact persons:**
Khu Ko Reh Tel: +66 65 329 7814
Maw Thue Myar Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com